ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ။ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

# တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း

## အကျဉ်းချုပ်

အမျိုးဘာသာသာသနာ ကာကွယ်စောင့်ရှောက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး ဘဒ္ဒန္တတိလောကာဘိဝံသ၏ပန်ကြားချက်အရ နိုင်ငံတော်သမ္မတကြီးကမျိုးစောင့်ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်းကာ တာဝန်ပေးအပ်ခဲ့ပြီး ယင်းဥပဒေများအနက်မှ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ရေးဆွဲခဲ့ပါသည်။

တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းသည် အမျိုးသား(သို့) အမျိုးသမီးမှ တစ်ဦးထက်ပို၍ ထပ်မံလက်ထပ်ထိမ်းမြားခြင်းကို တားမြစ်ရန်ဖြစ်ပြီး တစ်လင်တစ်မယားစနစ်ဖြင့် သာယာသောမိသားစုဘဝတည်ဆောက်နိုင်ရန် အမျိုးသမီးများမယားပြိုင်အဖြစ်ရောက်ရှိခြင်းမှကာကွယ်ရန်၊ အမျိုးသားများက မယားအများယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်စေရန် ဖြစ်ပါသည်။

ဤစာတမ်းတိုတွင် နိုင်ငံတကာမှလက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သော အချက်အလက်များနှင့် ယင်းဥပဒေကြမ်းအပေါ် ရှုထောင့်အမျိုးမျိုးမှ မတူညီသောထင်မြင်ချက်များ ပါဝင်ပါသည်။

အချို့သော နိုင်ငံရေးစောင့်ကြည့်လေ့လာသူများမှ ပြစ်မှုဆိုင်ရာဥပဒေအရ မယားပြိုင်ယူခြင်းသည် တရားမဝင်သည့်အတွက် တစ်လင်တစ်မယားစနစ်ဥပဒေသစ်တစ်ခု ပြဋ္ဌာန်းရန်မှာ စဉ်းစားသုံးသပ်သင့်ကြောင်း ပြောကြားကြပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

၁။ နိဒါန်း ..................................................၃

၂။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း ..........................၃

(က) ဥပဒေကြမ်း၏ ရည်ရွယ်ချက် ..........................................၃

(ခ) ဥပဒေကြမ်း (အကျဉ်းချုပ်) ..........................................၄

၃။ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် ....................................၆

၄။ နိုင်ငံတကာနှင့်နှိုင်းယှဉ်မှု ............................................၇

၅။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းအပေါ် ထင်မြင်ချက်များ .............၈

၆။ နိဂုံး ..................................................၁၁

**နိဒါန်း**

၁။ ပြည်သူ (၁၃)သိန်းကျော်က လက်မှတ်ရေးထိုးတင်ပြလာခြင်းကြောင့် အမျိုးဘာသာသာသနာကာကွယ်စောင့်ရှောက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး ဘဒ္ဒန္တတိလောကာဘိဝံသ၏ ပန်ကြားချက်အရ နိုင်ငံတော်သမ္မတကြီးက မျိုးစောင့်ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက်ကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် လွှတ်တော်သို့ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် သဝဏ်လွှာပေးပို့အကြောင်းကြားခဲ့ပါသည်။ သဝဏ်လွှာတွင် ဆောင်ရွက်ရမည့်ဥပဒေများမှာ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်း၊ လူဦးရေတိုးပွားနှုန်းထိန်းညှိရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေနှင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေတို့ ဖြစ်ပါသည်။[1]

၂။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ဥပဒေကြမ်းရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ ၂၆-၁၁-၂၀၁၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ၂၈-၁၁-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ (က) အရ ပြည်ထောင်စုလွှတ်တော်မှ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပြီး ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂-၁-၂၀၁၅)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေခဲ့ပါသည်။[2]

**တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း**

၃။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းတွင် အခန်း(၅)ခန်းနှင့်ပုဒ်မပေါင်း ၁၈ ခုပါဝင်ကြောင်း တွေ့ရှိရပါသည်။ ယင်းဥပဒေကြမ်းတွင်-

**(က) ဥပဒေကြမ်း၏ရည်ရွယ်ချက်။** အမျိုးသား (သို့) အမျိုးသမီးမှ တစ်ဦးထက်ပို၍ ထပ်မံလက်ထပ်ထိမ်းမြားခြင်းကို တားမြစ်ရန်ဖြစ်ပါသည်။ ဤဥပဒေအား အောက်ပါအချက်များအတွက် လိုအပ်သည်ဟု ဥပဒေကြမ်းတွင် ဖော်ပြထားပါသည်-

[1] Eleven News, available from: http://preview.tinyurl.com/p32rael/ [accessed 20 December 2014]
[2] ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၊ ၂၀၁၄ ဒီဇင်ဘာလ ၁ ရက်/[accessed 22 January 2015]

(၁) ဥပဒေနှင့်အညီထိမ်းမြားကြသော လင်နှင့်မယားတို့သည် တစ်ဦးအပေါ် တစ်ဦးသစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊

(၂) တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများမယားပြိုင်အဖြစ် ရောက်ရှိခြင်းမှ ကာကွယ်ရန်၊

(၃) အမျိုးသားများအား မယားအများယူခြင်းကြောင့်ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်စေရန်၊ [3]

**(ခ) ဥပဒေကြမ်း (အကျဉ်းချုပ်)။** တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းတွင်-

(၁) ဤဥပဒေကြမ်းသည် ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသားအားလုံးနှင့်သော်လည်းကောင်း၊ ယာယီနေထိုင်သူများနှင့်သော်လည်းကောင်း၊ နိုင်ငံတွင် နေထိုင်စဉ် နိုင်ငံသားနှင့်ထိမ်းမြားသော နိုင်ငံခြားသားနှင့်သော်လည်းကောင်း အကျုံးဝင်ခြင်း၊

(၂) ပုဒ်မ ၉ တွင် ဤဥပဒေအာဏာမတည်မီက အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ တစ်ဦးထက်ပို၍တရားဝင်ထိမ်းမြားပြီးပါက ဤဥပဒေအာဏာတည်သည့် နေ့မှစ၍ထပ်မံ၍ထိမ်းမြားခြင်း သို့မဟုတ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်း မပြုလုပ်ရ ဟုဖော်ပြပါရှိခြင်း၊

(၃) ပုဒ်မ ၁၀ တွင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ တစ်လင်တစ်မယားစနစ်နှင့်သာ လက်ထပ်ထိမ်းမြားရမည်ဖြစ်ပြီး တခြားသူတစ်ဦးနှင့်ထပ်မံထိမ်းမြားခြင်း သို့မဟုတ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုလုပ်ရ ဟု ဖော်ပြပါရှိခြင်း၊

(၄) ပုဒ်မ ၉ သို့မဟုတ် ပုဒ်မ ၁၀ နှင့် ဆန့်ကျင်၍ ထိမ်းမြားမှုထပ်မံပြုလုပ်လျှင် ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၄ အရ လင် သို့မဟုတ် မယားရှိ

[3] တစ်လင်တစ်မယားကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း၊ ၄-၁၂-၂၀၁၄ မြန်မာ့အလင်းသတင်း စာမျက်နှာ ၁၅/ [accessed 4 December 2014]

နေစဉ် ထပ်မံထိမ်းမြားသည့် ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်ဟု ဖော်ပြပါရှိခြင်း၊ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၄။ မည်သူမဆို အသက်ရှင်သောလင်ဖြစ်စေ မယားဖြစ်စေရှိသည်ဖြစ်၍ နောက်ထပ်ထိမ်းမြားရာတွင်ထိုလင်ဖြစ်စေ၊ ထိုမယားဖြစ်စေအသက်ရှင်လျက်ရှိခြင်းကြောင့် ထိမ်းမြားခြင်းအတည်မဖြစ်သောကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြားလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ကင်းလွတ်ချက်။ မူလထိမ်းမြားခြင်းသည်အတည်မဖြစ်ဟု စီရင်ပိုင်ခွင့်ရှိသော ရုံးတော်က စီရင်ဆုံးဖြတ်ပြီးဖြစ်လျှင် ဤပုဒ်မနှင့်မသက်ဆိုင်စေရ။ အထက်လင်သော်လည်းကောင်း၊ အထက်မယားသော်လည်းကောင်း အသက်ရှိစဉ် ကာလအတွင်း နောက်ထပ်ထိမ်းမြားသည့် ကိစ္စတွင် ထိုလင်သည် သို့တည်းမဟုတ် ထိုမယားသည် ခုနစ်နှစ်တိုင်တိုင် မလာ မရောက်ရှိလျှင်လည်းကောင်း၊ ထိုအချိန်ကာလအတွင်း၌လည်း ထိုလင် သို့တည်းမဟုတ် ထိုမယား အသက်ရှင်လျက်ရှိသည်ဟု မကြားခဲ့လျှင်လည်းကောင်း၊ နောက်ထပ်ထိမ်းမြားမည့်သူကို ထိမ်းမြားခြင်းမပြုမီ မိမိသိသမျှဖြစ်သော အကြောင်းချင်းရာအမှန်ကို ဖွင့်ပြောလျှင်လည်းကောင်း၊ ဤပုဒ်မနှင့်မသက်ဆိုင်စေရ။)

(၅) ထပ်မံထိမ်းမြားမည်ဆိုလျှင် အရင်အိမ်ထောင်နှင့် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ရန်လိုအပ်ခြင်း၊

(၆) ပုဒ်မ ၁၂ တွင် အမျိုးသား သို့မဟုတ် အမျိုးသမီးသည် လက်ထပ်ထိမ်းမြားပြီးနောက် တခြားသူတစ်ဦးနှင့်ထပ်မံထိမ်းမြားခြင်းပြုလျှင် ထိုသူသည် အိမ်ထောင်ရေး ပြစ်မှုကျူးလွန်သည် ဟုဖော်ပြပါရှိခြင်း၊[4]

(၇) လင် သို့မဟုတ် မယားတစ်ဦးဦးသည် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ပါကပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၅ အရ ပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူရမည်ဟုဖော်ပြပါရှိခြင်း၊ [5](ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၅။

---

[4] Ibid.

[5] ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ (၂၂-၁-၂၀၁၅)

မည်သူမဆို နောက်ထပ်ထိမ်းမြားမည့်သူအား၊ အထက်ကထိမ်းမြားခြင်းအကြောင်းကိုထိမ်ချန်၍ တဆက်တည်းဖြစ်သော အထက်ပုဒ်မ၌ဖော်ပြထားသည့်ပြစ်မှုကိုကျူးလွန်လျှင် ထိုသူကိုဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ (နောက်ထပ်ထိမ်းမြားမည့်သူအား အထက်ကထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်သည့် အတွက် ထပ်တူပြစ်ဒဏ်)

(၈) လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ ၎င်း၏အခွင့်အရေးများဆုံးရှုံးခြင်း၊

(၉) ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ ဓလေ့ထုံးတမ်းအရသော်လည်းကောင်း၊ အမျိုးသားဖြစ်စေ အမျိုးသမီးဖြစ်စေ ထပ်မံထိမ်းမြားမှုပြုလုပ်ပါက ထိမ်းမြားခြင်းအတည်မဖြစ်သဖြင့် ၎င်းသေဆုံးခဲ့လျှင် နေထိုင်ပေါင်းသင်းခဲ့သည့်သူသည် အမွေကို ဆက်ခံခွင့် မရှိခြင်း၊

(၁၀) ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်အတည်ဖြစ်သည့်ထိမ်းမြားခြင်းကို ဤဥပဒေကြောင့် ပျက်ပျယ်ခြင်းမရှိစေရခြင်းတို့ပါဝင်ပါသည်။[6]

### အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်

၄။ ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက (Convention on the Elimination of All Forms of Discrimination Against Women, CEDAW) (အမျိုးသမီးများအား အမျိုးမျိုးသောနှိမ့်ချခွဲခြားမှုတို့ကို ဆန့်ကျင်တိုက်ဖျက်ရေးညီလာခံ)၏ အမျိုးသမီးအခွင့်အရေးဆိုင်ရာဆုံးဖြတ်ချက်များကို အတည်ပြုထောက်ခံခဲ့ပြီး နိုင်ငံပေါင်း (၁၈၀) တို့မှ လိုက်နာဖော်ဆောင်ကျင့်သုံးရန် သဘောတူညီခဲ့ကြသည်။ CEDAW ၏ Article 16-1(a) တွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှသော လက်ထပ်ခွင့်ရှိရမည်ဟု ဖော်ပြထားသည်။[7]

---

[6] တစ်လင်တစ်မယားကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း၊ ၄-၁၂-၂၀၁၄ မြန်မာ့အလင်းသတင်း စာမျက်နှာ ၁၅/ [accessed 4 December 2014]

[7] တိုက်စစ်၊ ခံစစ်… တစ်လင်တစ်မယားစနစ် ဥပဒေသစ်, available from: http://marrayu.blogspot.com/2013/03/blog-post_9628.html/ [accessed 20 December 2014)

## နိုင်ငံတကာနှင့်နှိုင်းယှဉ်မှု

၅။ လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သော ဥပဒေအကြောင်းအရာများသည် နိုင်ငံတစ်ခုနှင့်တစ်ခု တူညီမှုမရှိပါ။ အောက်ပါဇယားဖြင့်ဖော်ပြထားသောအချက်အလက်များသည် လွယ်ကူရှင်းလင်းစေရန် ဖော်ပြထားခြင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | မယားပြိုင်ယူခြင်းအား ပိတ်ပင်ခြင်းရှိ/မရှိ |
|---|---|---|
| ၁။ | ကမ္ဘောဒီးယား | ရှိ |
| ၂။ | လာအို | ရှိ |
| ၃။ | ဗီယက်နမ် | ရှိ |
| ၄။ | မြန်မာ | The Myanmar Customary Law အရ မယားပြိုင်ယူခြင်းအား ပိတ်ပင်ခြင်းမရှိသော်လည်း မြန်မာနိုင်ငံတွင်နေထိုင်သည့် တစ်လင်တစ်မယားလက်ထပ်ခြင်းကိုသာလက်ခံသည့် အခြားဘာသာဝင်များအတွက် နောက်ထပ်ထိမ်းမြားခြင်းကို ပြစ်မှုဆိုင်ရာဥပဒေအရ ပိတ်ပင် ထားပါသည်။ |
| ၅။ | ထိုင်း | ရှိ(သို့သော် ရာဇဝတ်သင့်သော ဖောက်ဖျက်မှုမဟုတ်) |
| ၆။ | အင်ဒိုနီးရှား | မရှိ |
| ၇။ | မလေးရှား | မယားပြိုင်ယူခြင်းသည် အစ္စလန်ဘာသာဝင် မဟုတ်သူများတွင် တရားမဝင်၍ အစ္စလန်ဘာသာဝင်များတွင် တရားဝင်သည်။ |
| ၈။ | ဖိလစ်ပိုင် | မယားပြိုင်ယူခြင်းသည် အစ္စလန်ဘာသာဝင် မဟုတ်သူများတွင် တရားမဝင်၍ အစ္စလန်ဘာသာဝင်များတွင် တရားဝင်သည်။ |
| ၉။ | စင်္ကာပူ | မယားပြိုင်ယူခြင်းသည် အစ္စလန်ဘာသာဝင် မဟုတ်သူများတွင် တရားမဝင်၍ အစ္စလန်ဘာသာဝင်များတွင် တရားဝင်သည်။ |
| ၁၀။ | အင်္ဂလန် | တစ်လင်တစ်မယားလက်ထပ်ထိမ်းမြားခြင်းအား တရားဝင်ကျင့်သုံးပြီး ချွင်းချက်အနေနှင့် မယားပြိုင်ယူခြင်းအား တရားဝင်ခွင့်ပြုသည့်နိုင်ငံမှ နိုင်ငံခြားသားများအားတစ်ယောက်ထက်ပိုသောထိမ်းမြားခြင်းအားခွင့်ပြုသည်။ |

[8]

[8] Available from: http://www.parliament.uk/business/publications/research/briefing-papers/SN05051/polygamy/ [accessed 23 January 2015]

မှတ်ချက်။ ယင်းအချက်အလက်များသည် (Organization For Economic Cooperation and Development-OECD) မှရရှိခြင်းဖြစ်ပါသည်။ သတင်းအချက်အလက်ပြည့်စုံစွာရရှိရန် သက်ဆိုင်ရာနိုင်ငံ၏ဥပဒေများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုရန် လိုအပ်ပါသည်။ ကိုယ်စားလှယ်မှ သတင်းအချက်အလက် ပြည့်စုံစွာသိရှိလိုပါက http://genderindex.org/ တွင်ကြည့်ရှုလေ့လာနိုင်ပါသည်။

**တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းအပေါ် ထင်မြင်ချက်များ**

၆။ **ဒေါက်တာဓမ္မပိယ (International Theravada Buddhist Missionary University - ITBMU)** က အယူဝါဒ (သို့) ဘာသာရေးဆိုင်ရာရှုထောင့်မှ အောက်ပါအတိုင်း ကြည့်ရှုသုံးသပ်ပါသည်-

"ယင်းဥပဒေကြမ်းသည် လက်ရှိဖြစ်နေသည့် ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်ပါသည်။ ဖြစ်ပြီးသော ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်နှင့် ဖြစ်ပေါ်လာမည့် ပြဿနာများကိုလည်း ကာကွယ်ပေးနိုင်ပါသည်။ မယားပြိုင်ထားခြင်းကြောင့် ဖြစ်ပေါ်လာသော အိမ်ထောင်ရေး ပြဿနာများကို ဖြေရှင်းပေးနိုင်ပါသည်။ မယားပြိုင်ယူထားသောယောကျ်ားများ၏ အန္တရာယ်မှ ကာကွယ်ပေးနိုင်ပါသည်။"[9]

၇။ **ဒေါက်တာဘုန်းမြင့်ဝင်း (ဌာနေကိုယ်စားလှယ်) (Burnet Institute)** က ကျန်းမာရေးရှုထောင့်မှ အောက်ပါအတိုင်း သုံးသပ်ခဲ့ပါသည်-

"တစ်လင်တစ်မယားစနစ်ဖြစ်စေ၊ မယားပြိုင်ယူနိုင်သည့်စနစ်ဖြစ်စေ အရေးကြီးသည်မှာ အပြုအမူဖြစ်ပါသည်။ စနစ်တစ်ခုကြောင့် ထိခိုက်မှုများရှိခြင်းမဟုတ်ဘဲ အပြုအမူကြောင့် ထိခိုက်မှုများရှိနိုင်ပါသည်။ ဥပဒေက လူများအားထိန်းကွပ်ရန် အရေးကြီးသကဲ့သို့ အပြုအမူက မျှတမှုများ ထိန်းကွပ်ရန် အရေးကြီးပါသည်။ ကျန်းမာရေးရှုထောင့်က ကြည့်လျှင် တစ်လင်တစ်မယားစနစ်ရှိမှ HIV တို့၊ AIDS တို့ကူးစက်နိုင်မှာ မဟုတ်ကြောင်း၊ ထိုဥပဒေတွင် အားသာချက်များရှိပါကြောင်း၊ သို့သော် အိမ်ထောင်တစ်ခုကို တည်ဆောက်သည့်အခါ မေတ္တာနှင့်သစ္စာတရားပြည့်ဝမှသာ အိမ်ထောင်အရည်အသွေး ပြည့်ဝမည်ဖြစ်

[9] Myanmar Latest News, နိုင်ငံတော်မှ ထုတ်ပြန်ထားသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကိုလေ့လာသုံးသပ်ခြင်း, 16 December 2014, available from: http://www.myanmarlatestnews.com/archives/92949 [accessed 20 December 2014]

ကြောင်း၊ သစ္စာနှင့်မေတ္တာမပါသော အိမ်ထောင်ရေးများအတွက်သာ ထိုဥပဒေလိုပါကြောင်း ” Myanmar online news Website တွင်ဖော်ပြထားပါသည်။[10]

၈။ **ဦးဝင်းဆွေဦး (တရားလွှတ်တော်ရှေ့နေ)** က တရားဥပဒေရှုထောင့်မှ အောက်ပါအတိုင်း သုံးသပ်ခဲ့ပါသည်-

“ဥပဒေတစ်ခုပြဌာန်းလျှင် နောက်ဆက်တွဲအကျိုးဆက်ကို ကြည့်ရကြောင်း၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းသည် အမှတ်တမဲ့ဆိုလျှင် ကောင်းသည်ဟုထင်ရကြောင်း၊ တရားဝင်လက်ထပ်ချင်လျှင် ပထမလူကို ကွာပြီးမှ ထပ်မံလက်ထပ်ရမည် သို့မဟုတ်လျှင် ပြစ်မှုကျူးလွန်ရာရောက်မည်ဖြစ်ကြောင်း၊ နောက်ပိုင်းမှာ ဥပဒေကို ရှောင်တိမ်းသော ပြစ်မှုကျူးလွန်သူများ ပေါ်လာလိမ့်မည်ဖြစ်ကြောင်း၊ ဥပဒေသဘောအရ ဥပဒေတစ်ခုသည် ရှိပြီးသားဥပဒေများနှင့် မဆန့်ကျင်ဘဲ ချိန်ထိုးစဉ်းစားရမည်ဟု နားလည်သဘောပေါက်ထားပါကြောင်း၊ သို့သော် ထိုဥပဒေက အကျိုးထက် အဆိုးက ပိုများနိုင်ကြောင်း၊ ပထမလူကို မကွာဘဲ နောက်တစ်အိမ်ထောင်ထူမယ်ဆိုရင် ထိုလူကို မည်သူက တရားလိုလုပ်ပြီး တရားစွဲမှာလဲ။ ရဲအရေးပိုင်လား၊ ပထမအိမ်ထောင်က တရားလိုလုပ်မှာလား။ တကယ်တမ်း ထိုဥပဒေကိုပြဌာန်းတာထက် မြန်မာ့ဓလေ့ထုံးတမ်း စဉ်လာဥပဒေမှာ မိန်းမတစ်ယောက်က ယောကျ်ားကို ကွာချင်ရင် သုံးနှစ်တိတိ စောင့်ပြီး ထိုယောကျ်ားနဲ့ပတ်သက်မှု မရှိကြောင်း သက်သေပြမှုကွာ၍ရကြောင်း၊ ယောကျ်ားအနေဖြင့် ခြောက်လအထိ ထိုမိန်းမက မယားဝတ္တရား မကျေပွန်လျှင် သော်လည်းကောင်း၊ ၎င်း၏အနားတွင် မနေဘူးဆိုသောအကြောင်းသက်သေရှိလျှင် ကွာရှင်း၍ရကြောင်း၊ ယင်းတို့အား ခေတ်နဲ့အညီပြင်ရမည်ဖြစ်ကြောင်း ” Myanmar online news Website တွင်ဖော်ပြထားပါသည်။ [11]

၉။ **Ms. Yanghee Lee (အထူးကိုယ်စားလှယ်၊ ကုလသမဂ္ဂ)** က ယင်းဥပဒေနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

“ဘာသာရေးနှင့်ပတ်သက်သော ဥပဒေကြမ်း(၄)ခုနှင့်ပတ်သက်၍ သူမအနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၎င်းဥပဒေများကို သေချာစွာစိစစ်

[10] myanmaronlinenew , တစ်လင်တစ်မယားစနစ်နှင့်ပြည်သူ့အသံ၊Available form: http://www.myanmaronlinenew.com/2014/12/blog-post_85.html [accessed 16 January 2015]

[11] Ibid

သုံးသပ်ရန် လိုအပ်ပါသည်။ ထိုသို့သုံးသပ်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲ၍ အားလုံးပါဝင်သည့် လူ့အသိုင်းအဝိုင်းကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေတွင် မယားပြိုင်ထားခြင်းကို တားမြစ်ထားပြီးဖြစ်ပါသည်။ တစ်လင်တစ်မယားစနစ် ဥပဒေကြမ်းကို တင်သွင်းရခြင်းကို မိမိအနေဖြင့်နားမလည်နိုင်ပါ။ ဥပဒေကြမ်း၏ စကားလုံးများက ညွှန်ပြနေသည်မှာ လူနည်းစု၏ ယုံကြည်သက်ဝင်မှုကို ရာဇဝတ်မှုဖြစ်မြောက်စေရန် ဖော်ဆောင်နေသည့်သဘော တွေ့ရှိရပါသည်။ "[12]

၁၀။ **ဒေါ်မြမြ (မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်)** က လူမှုရေးရှုထောင့်မှအောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

"မည်သည့်ဘာသာဝင် အမျိုးသမီးများမဆို တစ်လင်တစ်မယားစနစ်သည် သင့်တော်ပါသည် ဟုမိမိယူဆပါသည်။ တစ်လင်တစ်မယားစနစ်ကိုဘဲ မိမိတို့တည်တံ့စေချင်ပါသည်။ အမျိုးသမီး အများကို ပေါင်းသင်းသည့်အတွက် နောက်ဆက်တွဲအကျိုးဆက်မှာ ၎င်းတို့ ပေါက်ဖွားလာမည့် သားသမီးများမှာလည်း ပြဿနာများဖြစ်လာနိုင်ပါသည်။ ယင်းဥပဒေသည် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ဘာနဲ့ဘဲတိုင်းတာ တိုင်းတာ မိမိတို့ အမျိုးသမီးများကို အကာအကွယ်ပေးသော ဥပဒေဖြစ်ပါသည် " [13]

၁၁။ **အမေရိကန်သံအမတ်ကြီး (ရန်ကုန်မြို့) က** ဥပဒေရေးရာရှုထောင့်မှ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

"ဤဥပဒေကြမ်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၄ အရ မယားပြိုင်ယူခြင်းသည် ရာဇဝတ်မှုဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဥပဒေကြမ်း၏ပုဒ်မ ၁၆ နှင့် ၁၇ သည် မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၄ ကို မှီငြမ်းပြု၍ ဖော်ပြထားခြင်းဖြစ်ပါသည်။ ပုဒ်မ ၉ မှ ၁၁ အထိအား ဖောက်ဖျက်လျှင် ၎င်းသည် ယခင်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၄ အရ မယားပြိုင်ထားခြင်းသည် ရာဇဝတ်သင့်ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့ စိုးရိမ်သည်မှာ ယင်းဥပဒေကြမ်းသည် အခြားသောဥပဒေကြမ်း ၃ ခုနှင့် ဆက်

[12] United Nations Information Centre Yangon, available from: http://yangon.sites.unicnetwork.org/ [accessed 23 January 2015]

[13]အေးသူစံ, 7 Day Daily,4 December 2014,available from: http://www.7daydaily.com/story/26230#.VMMezy614Yc/ [accessed 19 January 2015]

စပ်၍ လူနည်းစု၏ဘာသာရေးဆိုင်ရာကိုးကွယ်မှုကို ရာဇဝတ်သင့်စေရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်မည်ကို စိုးရိမ်မိပါသည်။ "[14]

၁၂။ **အမျိုးသမီးအဖွဲ့/ကွန်ရက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက** အောက်ပါအတိုင်း သုံးသပ်ခဲ့ပါသည်-

"မည်သည့်ဝလေ့ထုံးစံ၊ ဘာသာရေးယုံကြည်မှုအရ အမျိုးသမီးအများယူခြင်းကို (သေဆုံးသွားခြင်း၊ ခုနှစ်နှစ် အဆက်အသွယ်လုံးဝမရှိခြင်းတို့မှအပ) ဥပဒေအရ ခွင့်မပြုရ၊ တားမြစ်သည်ဟု ပြဋ္ဌာန်းခြင်းဖြင့် အမျိုးသမီးအများယူခြင်းကို အမှန်တကယ်ထိထိရောက်ရောက် ကာကွယ်ရမည့်အစား တရားဝင်ထိမ်းမြားခြင်းမပြုဘဲ နောက်ထပ်အမျိုးသမီးနှင့် ပေါင်းသင်းခြင်းဖြင့် အိမ်ထောင်ရေးဖောက်ပြန်မှုများ များလာစေခြင်း၊ ပထမအမျိုးသမီးအားအနိုင်အထက်ကွာရှင်းစေရန် အကျပ်ကိုင်ခြင်းနှင့် အကြမ်းဖက်ခြင်းများ ပေါ်ပေါက်စေခြင်း၊ တရားမဝင်ပေါင်းသင်းနေထိုင်မှုကြောင့် အမျိုးသမီး၏အခွင့်အရေးကို ဆုံးရှုံးစေခြင်းတို့အား ဖြစ်ပေါ်လာနိုင်သည်။ တရားဝင်လက်ထပ်ခြင်းမပြုဘဲ ပေါင်းသင်းမှုမှ ပေါက်ဖွားလာသော ကလေးငယ်များသည် လူ့အသိုင်းအဝိုင်းတွင် အသက်ရှင်ရပ်တည်ခွင့်၊ ဖွံ့ဖြိုးခွင့်စသော ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးလိမ့်မည်။ "[15]

**နိဂုံး**

၁၃။ အသွင်ကူးပြောင်းရေးကာလတစ်ခုကို ဖြတ်သန်းနေကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားနှင့် တိုင်းပြည်ဂုဏ်သိက္ခာကို အဓိကထားစဉ်းစား၍ အမြင်ကျယ်ကျယ်ဖြင့် ဆန်းစစ်လေ့လာသုံးသပ်ဆင်ခြင်နိုင်ရန် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း စာတမ်းတိုကိုပြုစုတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

---

[14] US Embassy in Yangon [accessed 23 January 2015]

[15] Woman Organisations Network, Gender Equality Network, NGO Gender Group and Woman League for Burma, Briefing Paper, 23 January 2015 [accessed 23 January 2015]

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၈၄
၀၆၇-၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com